သတင်း-စာမျက်နှာ ၁၄





## မြေငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရလူနာများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**ပြင်ဦးလွင် မေ ၅**

၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်၌ မန္တလေးမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားပြင်း မြေငလျင် လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိ၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့ရှိ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံ ကြီးတွင် ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော ဒဏ်ရာရ လူနာများအား မေ ၂ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါပြည်သူ့ ဆေးရုံကြီးရှေ့၌ ဆေးဝါးပစ္စည်း များဝယ်ယူရန်အတွက် ထောက်ပံ့ လှူဒါန်းပွဲ ကျင်းပသည်။




အဆိုပါထောက်ပံ့လှူဒါန်းပွဲ တွင် ပြင်ဦးလွင်ခရိုင်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာ က ဦးဆောင်၍ ခရိုင်အမျိုးသမီး ရေးရာအဖွဲ့မှ ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့မှ ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း၊ စုစုပေါင်းငွေကျပ် သိန်း ၅၀ ကို ဆေးဝါးပစ္စည်းများ ဝယ်ယူရန်အတွက် ထောက်ပံ့ လှူဒါန်းခဲ့ကြရာ ပြည်သူ့ဆေးရုံ ကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ သင်းသင်းအိက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန် လည်ပေးအပ်ခဲ့ကြောင်း သိရ သည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## ငလျင်ဒဏ်သင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်း

**မန္တလေး မေ ၅**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီမှ မန္တလေး (၆)မြို့နယ်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများ၏ ပျက်စီးမှု များ၊ သာသနိက အဆောက်အအုံ များနှင့် ဘုန်းတော်ကြီးကျောင်း များ၊ ကျောင်းအုတ်တံတိုင်းများ နှင့် အဝင်မုခ်ဦးများ ရှင်းလင်း ဆောင်ရွက်ခြင်း၊ လမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် ရှင်းလင်းခြင်းနှင့် ကမ်းနားလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကို နေ့စဉ် အချိန်အဟုန်မပျက် စက်ယန္တရားအင်အား၊ လူအင်အား တို့ဖြင့် အင်တိုက်အားတိုက် ဆောင်



ရွက်ကြခြင်းနှင့်အတူ ငလျင်ဘေး သင့် ပြည်သူများအတွက် ထမင်း ထုပ်များ လိုက်လံဝေငှပေးလျက်ရှိ ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၁၀)




## ငလျင်ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပ

**ငဖဲ မေ ၅**

မကွေးတိုင်းဒေသကြီး၊မင်းဘူး ခရိုင်၊ ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ငလျင်ဘေးအန္တရာယ်ကာကွယ်ရေး ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကို မေ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယု ယုသိန်းက ငလျင်ဘေးအန္တရာယ် ကျရောက်လာပါက လိုက်နာ ဆောင်ရွက်ရမည့်အချက်များကို ပြည့်ပြည့်စုံစုံသိရှိစေရန် ရည်ရွယ်၍ ငလျင်ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြော ကြားပြီး ငလျင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ ငလျင်လှုပ်နေစဉ်လိုက်နာရန်အချက် များနှင့် စာထောက်(၃) ဦးစိုးမိုးသူ က ငလျင်လှုပ်နေစဉ်ရှောင်ရှား သင့်သည့်အချက်များ၊ ငလျင်လှုပ် ပြီးနောက် ပြုလုပ်ရန်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များ၊ ငလျင်ပြင်းအားများ၊ ငလျင်သည် အလျားလိုက်နှင့် အထက်အောက် လှုပ်ရှားနိုင်ပြီး ငလျင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာတို့အပေါ် မူတည်၍ ပျက်စီးမှုများကွာခြားနိုင်ကြောင်း စသည်တို့ကို အသိပညာပေး ဆွေး နွေးပြောကြားသည်။ **(အပေါ်ပုံ)**

ငဖဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် မိဘပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေ ရန်အတွက် အသိပညာပေး Talk Show အစီအစဉ်များ ရိုက်ကူး၍ Online မှတစ်ဆင့် လစဉ်ပုံမှန် ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိ ကြောင်း သိရသည်။ **မယု(ငဖဲ)**

## ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**ကျောက်ဆည် မေ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်တွင် ငလျင်လှုပ်ခတ်မှု ကြောင့် ပျက်စီးခဲ့သည့် အဆောက် အအုံများအား COI-PATTHA NA POUCCTTICHAK ဦးစီး သော လာအိုနိုင်ငံမှ ကယ်ဆယ် ရေးနှင့် ဆေးကုသရေးအဖွဲ့ ၃၁ ဦး တို့သည် မေ ၁ရက် မွန်းလွဲ ပိုင်းက ကျောက်ဆည်မြို့သို့ ရောက်ရှိလာပြီး ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် ပြည်သူ များအား ကယ်ဆယ်ရေးနှင့် ဆေး ကုသရေးများ ဆောင်ရွက်ပေး လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဦးဆောင်မှုဖြင့် ကျောက်ဆည် ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူးများ၊ သန္နတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှု ကူညီရေးအဖွဲ့များ၊ COI-PAT THANA POUCCTTICHAK ဦးစီးသော လာအိုနိုင်ငံမှ ကယ် ဆယ်ရေးနှင့် ဆေးကုသရေးအဖွဲ့ တို့ပူးပေါင်း၍ ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ငလျင်ဘေး သင့်၍ ဒဏ်ရာရရှိသော ပြည်သူ



များအား ဆေးကုသပေးလျက်ရှိ ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးသွားသော ကျောက်ဆည် ခရိုင် စုပေါင်းရုံး၊ ကျောက်ဆည် ဘူတာရုံ၊ လမ်းပြကြယ်ကိုယ်ပိုင် အထက်တန်းကျောင်း၊ စိန်ရတီ မီနီမတ်၊City Zone၊ နည်းပညာ တက္ကသိုလ်(ကျောက်ဆည်)၊ ရွှေ မုဋ္ဌောဘုရားနှင့် ရွှေဂူကြီးဘုရား သို့ ထိခိုက်ပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ ကြသည်။

ကျောက်ဆည်မြို့နယ်တွင် ငလျင်လှုပ်ခတ်မှုကြောင့် မတ် ၃၁ ရက် ညနေ ၄ နာရီအထိ ငလျင် ဘေးသင့်အိမ်ထောင်စု ၅၇၃၉၈ စုမှ လူဦးရေ ၂၅၁၂၃ ဦး၊ သေဆုံးဦးရေ ၁၁၆ ဦး၊ သေဆုံး တိရစ္ဆာန် ၂၀၀၀ ကောင်၊ လူနေ အိမ် ၂၃၅၆ အိမ်၊ အခြေခံပညာ ကျောင်းနှင့် အဆင့်မြင့်ကျောင်း၊ အဆင့်မြင့်တက္ကသိုလ် ၉၇ ခု၊ ဘုန်းတော်ကြီးကျောင်း၊ ဗလီ၊ ခရစ်ယာန်အဆောက်အအုံ ၁၈၅ ခု၊ စေတီ၊ သိမ်၊ မုခ်ဦး၊ ဓမ္မာရုံ စသည့် သာသနိကအဆောက် အအုံ ၄၃၉ ခု၊ ဆေးခန်းတစ်ခု၊ ကျန်းမာရေးဌာန ကိုးခု၊ ဌာန ဆိုင်ရာရုံး၊ ဈေး၊ ရေစက်ရုံ၊ ရေ စင်၊ လူနေအိမ်၊ အုတ်တံတိုင်း စသည့် အခြားအဆောက်အအုံ ၃၅၆ ခု ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)



# ကျေးရွာ ရှစ် ရွာနှင့် ရပ်ကွက်အုပ်စုတစ်ခုတွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၇၉၉၀ ဖြင့် ဆီ ၂၉၇၀ ပိဿာ ရောင်းချပေး

**ကျောက်ဆည် ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ပြည်သူများ စားသုံးဆီ အခက်အခဲမရှိစေရန်အတွက် ဧပြီ ၂ ရက် နံနက်ပိုင်းက ကျေးရွာရှစ်ရွာနှင့်ရပ်ကွက်အုပ်စုတစ်ခုတွင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၇၉၉၀ ဖြင့် ဆီ ၂၉၇၀ ပိဿာအား ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ရောင်းချပေးခဲ့သည်။

စားအုန်းဆီများ ရောင်းချရာတွင် ဒေါ်စန်းစန်းဌေး(နေလသုခ)၊ ဒေါ်သီတာ(စစ်ငြိမ်း)၊ ဒေါ်သက်သက်မွန် (အနန္တဂုဏ်)၊ ဦးနန်းဦး(နဒီဇေရာ) စားသုံးဆီအရောင်းဆိုင်များ၊ မုန်တိုင်၊ ရွာပုလဲ၊ မဥ္ဇူခြံ၊ မြေစိုး၊ ဘိုးတိုင်ပေါက်၊ ခတက္ကုန်း၊ ကတဲ၊ တောင်နံ့သာ ကျေးရွာရှစ်ရွာနှင့် အေးမြကြည်လင်ရပ်ကွက်များတွင် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြည်သူများ ဆီဝယ်ယူရာတွင် အခက်အခဲမရှိစေရန် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ဆီဝယ်ယူသည့်စာအုပ်များ ပြုလုပ်ပေးထားပြီး ဆီစာအုပ်တစ်အုပ်လျှင် ဆီနှစ်ပိဿာနှုန်းဖြင့် ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၅)**

*-*-*-*-*-*-*

# ၁၁ လကျော်ကာလအတွင်း ကုန်သွယ်မှုအမေရိကန်ဒေါ်လာ ၂၆ ဘီလီယံခန့် ရရှိထား



ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လ ၁၂ ရက်အထိ ပို့ကုန်သွင်းကုန် ကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၉၃ ဘီလီယံ ရရှိထားကြောင်း အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ရရှိရန် သတ်မှတ်လျာထားခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် မတ်လဆန်း ၁၂ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံနီးပါး ရာခိုင်နှုန်းအားဖြင့် ၇၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ကဏ္ဍအလိုက် လုပ်ငန်းစီမံချက်တွေကို အကောင်အထည်ဖော်ရာမှာ ရေတိုအကျိုးရလဒ်ရရှိမည့်လုပ်ငန်းကို ရွေးချယ်ဆောင်ရွက်နေပြီး ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေလျာထားချက်များကို ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မတ် ၁၈ ရက်တွင် ကျင်းပသည့် အမျိုးသားပို့ကုန်မဟာဗျူဟာအစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီတာဝန်ရှိသူတစ်ဦးက ပြောသည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကာလ ပြီးစီးသွားပြီးနောက် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ ကို ဆက်လက်ရေးဆွဲလျက်ရှိသည်။ ယခုဘဏ္ဍာနှစ်ကုန်ဆုံးပြီဖြစ်၍ သတ်မှတ်လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရန် လိုအပ်သလို ပို့ကုန်နှစ်ဆ တိုးမြှင့်နိုင်ရန်အတွက် အစိုးရဌာနများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ပို့ကုန်လုပ်ငန်းရှင်များက အမြဲပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်သည်။

ပြည်ပသို့ ပဲမျိုးစုံ၊ နှမ်း၊ မြေပဲ၊ ရော်ဘာစိမ်း၊ ကြက်သွန်နီ၊ စားဖိုဆောင်သီးနှံများနှင့် လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်းများ အများဆုံး တင်ပို့နေပြီး စက်မှုကဏ္ဍထုတ်ကုန်များဖြစ်သည့် ချုပ်ပြီးအထည်၊ သကြားနှင့် အခြားစက်မှုကုန်ချောများကိုလည်း တင်ပို့လျက်ရှိသည်။ ပြည်ပကနေ သွင်းကုန်အနေဖြင့် ရင်းနှီးမြုပ်နှံကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်း၊ CMP နှင့် လူသုံးကုန်ပစ္စည်းများ တင်သွင်းလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# နှစ်လအတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် ၅၀၀၀၀ ကျော် တင်ပို့ခဲ့



ဆန်နှင့် ဆန်ကွဲ တင်ပို့သည့်စာရင်းများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအတွင်း ဆန်တန်ချိန် ၅၀၀၀၀ ကျော် ပြည်ပနိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စာရင်းများအရ ဇန်နဝါရီလတွင် ဆန်တန်ချိန် ၂၆၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၁၆၀၀၀ ကျော်ကို လည်းကောင်း၊ ဖေဖော်ဝါရီလတွင် ဆန်တန်ချိန် ၁၄၀၀၀ ကျော်နှင့် ဆန်ကွဲတန်ချိန် ၁၄၀၀၀ ကျော် တင်ပို့ခဲ့သည်ဟု ဆိုသည်။

နှစ်လတာ ကာလအတွင်း ပြည်ပနိုင်ငံအသီးသီးသို့ ဆန်တန်ချိန် စုစုပေါင်း နှစ်သိန်းနီးပါးနှင့် ဆန်ကွဲတန်ချိန် ၁၄၀၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။

ယခုနှစ်အတွင်း မြန်မာ့လယ်ယာထွက်ကုန် ဆန်နှင့် ဆန်ကွဲတို့ကို ဘယ်လ်ဂျီယံ၊ ဘင်္ဂလားဒေ့ရှ်၊ ပိုလန်၊ ယူကေ၊ စပိန်နှင့် အင်ဒိုနီးရှား စသည့် နိုင်ငံများသို့ တင်ပို့နေကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀-၀

# ယာဉ်နှင့်ပတ်သက်သည့် ဘီးခွန်နှုန်းထားများ ဧပြီလမှစတင်၍ နှုန်းထားသစ်ဖြင့် ပြောင်းလဲကောက်ခံမည်

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသောယာဉ်များအနေဖြင့် ယာဉ်နှင့်ပတ်သက်သော ဘီးခွန်ကောက်ခံမှုနှုန်းထားများကို ၂၀၂၅ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ နှုန်းထားသစ်ဖြင့် ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ် (၆)မြို့နယ်အတွင်း မှတ်ပုံတင်ထားသည့် ယာဉ်အမျိုးအစားအလိုက် ဘီးခွန်နှုန်းထားများကို နှုန်းထားသစ်ဖြင့် ကောက်ခံခြင်းဖြစ်သည်။

"စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မန္တလေးတိုင်းဒေသကြီး(ကညန)မှာ မှတ်ပုံတင်ထားတဲ့ ယာဉ်တွေကို ယာဉ်အမျိုးအစားအလိုက် ဘီးခွန်ကောက်ခံလျက်ရှိရာမှာ ဧပြီ ၄ ရက်မှစပြီး နှုန်းထားသစ်နဲ့ ပြောင်းလဲကောက်ခံသွားမှာ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ကောက်ခံရာတွင် စီးပွားရေးသုံးယာဉ်နှင့်စီးပွားရေးသုံးမဟုတ်သည့်ယာဉ်ဟူ၍ အမျိုးအစားခွဲခြားထားပြီး ဘီးခွန်ပေးဆောင်ရာ၌ မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းအရ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ် မတ် ၃၁ ရက်နောက်ပိုင်း သက်တမ်းကုန်ဆုံးသည့် ယာဉ်များကို နှုန်းထားအသစ်ဖြင့် ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

နှုန်းထားသစ်များအရ စီးပွားရေးသုံးမဟုတ်သည့်ယာဉ်(ကိုယ်ပိုင် သက်တမ်း နှစ်နှစ်)အတွက် မော်တော်ဆိုင်ကယ် ငွေကျပ် ၅၀၀၀ ၊ အင်ဂျင်ပါဝါ ၆၆၀ CC အောက် ငွေကျပ် ၇၃၀၀၀၊ ၆၆၀ CC မှ ၁၃၀၀ CC အထိ ငွေကျပ် ၅၄၇၅၀ ၊ ၁၃၀၁ CC မှ ၂၀၀၀ CC အထိ ငွေကျပ် ၇၃၀၀၀၊ ၂၀၀၁ CC မှ ၄၃၀၀ CC အထိ ငွေကျပ် ၉၁၂၅၀ နှင့် ၄၃၀၀ CC အထက် ငွေကျပ် ၁၀၉၅၀၀ ဖြစ်ကြောင်း၊ စီးပွားရေးသုံးယာဉ်များအတွက် မော်တော်ဆိုင်ကယ် ငွေကျပ် ၁၀၀၀၀ ၊ အင်ဂျင်ပါဝါ ၆၆၀ CC အောက် ငွေကျပ် ၇၃၀၀၀ ၊ ၆၆၀ CC မှ ၁၃၀၀ CC အထိ ငွေကျပ် ၁၀၉၅၀၀ ၊ ၁၃၀၁ CC မှ ၂၀၀၀ CC အထိ ငွေကျပ် ၁၄၆၀၀၀ ၊ ၂၀၀၁ CC မှ ၄၃၀၀ CC အထိ ငွေကျပ် ၁၈၂၅၀၀ နှင့် ၄၃၀၀ CC အထက် ငွေကျပ် ၂၁၉၀၀၀ ဖြစ်ကြောင်း သိရသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ် (၆)မြို့နယ်အတွင်း မှတ်ပုံတင်ထားသည့် မော်တော်ဆိုင်ကယ်များအား ဘီးခွန်ကို တစ်နှစ်လျှင် ငွေကျပ် ၅၀၀၀ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပြီး နှစ်လွန်ဘီးခွန်နှုန်းထားနှင့် မော်တော်ယာဉ်များအတွက် အင်ဂျင်ပါဝါ CC သတ်မှတ်ချက်နှင့် ဘီးခွန်လွန်စည်းကြပ်မှုမှာ စီးပွားရေးမဟုတ်သည့် ကိုယ်ပိုင်မော်တော်ယာဉ်များအတွက် ဆိုင်ကယ် ငွေကျပ် ၆၀၀၀ ၊ ၆၆၀ CC အောက် ငွေကျပ် ၈၀၀၀ ၊ ၆၆၀ CC မှ ၁၃၀၀ CC အထိ ငွေကျပ် ၁၀၀၀၀ ၊ ၁၃၀၁ CC မှ ၂၀၀၀ CC အထိ ငွေကျပ် ၁၂၀၀၀ ၊ ၂၀၀၁ CC မှ ၄၃၀၀ CC ထိ ငွေကျပ် ၁၄၀၀၀ ၊ ၄၃၀၀ CC အထက် ငွေကျပ် ၁၆၀၀၀ ဖြစ်ကြောင်း၊ စီးပွားရေးသုံးအငှားမော်တော်ယာဉ်များအတွက် ၆၆၀ CC အောက် တစ်နှစ်လျှင် ငွေကျပ် ၄၀၀၀ နှင့် နှစ်နှစ်လျှင် ငွေကျပ် ၈၀၀၀ ၊ ၆၆၀ CC မှ ၁၃၀၀ CC ထိ တစ်နှစ်လျှင် ငွေကျပ် ၆၀၀၀ နှင့် နှစ်နှစ်လျှင် ငွေကျပ် ၁၂၀၀၀ ၊ ၁၃၀၁ CC မှ ၂၀၀၀ CC အထိ တစ်နှစ်လျှင် ငွေကျပ် ၈၀၀၀ နှင့် နှစ်နှစ်လျှင် ငွေကျပ် ၁၆၀၀၀ ၊ ၂၀၀၁ CC မှ ၄၃၀၀ CC အထိ တစ်နှစ်လျှင် ငွေကျပ် ၁၀၀၀၀ နှင့် နှစ်နှစ်လျှင် ငွေကျပ် ၂၀၀၀၀ ၊ ၄၃၀၀ CC အထက် တစ်နှစ်လျှင် ငွေကျပ် ၁၂၀၀၀ နှင့် နှစ်နှစ်လျှင် ငွေကျပ် ၂၄၀၀၀ ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၉)**




## ဒီဘရိုင်း ယခုနှစ် ဘောလုံးရာသီအကုန်တွင် မန်ချက်စတာစီးတီးအသင်းမှ ထွက်ခွာမည်



**မန်ချက်စတာ ဧပြီ ၅**

ဝါရင့် ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် မန်ချက်စတာစီးတီးအသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများစွာနှင့် မေဂျာလိဂ်ကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်ကစားသမား ဒီဘရိုင်းသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၁၃ ပွဲကစားကာ ၁၀၆ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

ထို့ပြင် ဒီဘရိုင်းသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆု (၆)ကြိမ်၊ ချန်ပီယံလိဂ်(၁)ကြိမ် အပါအဝင် ဆုဖလားပေါင်း ၁၆ လုံးအထိ ဆွတ်ခူးနိုင်ခဲ့သည်။

ထို့ကြောင့် အသက် ၃၃ နှစ်အရွယ်ရှိ ဒီဘရိုင်း အနေဖြင့် မန်ချက်စတာစီးတီးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## မတ်လအတွက် ပရီးမီးယားလိဂ် အကောင်းဆုံးနည်းပြဆုကို နူနိုဆန်းတို့စ် ဆွတ်ခူး



**လန်ဒန် ဧပြီ ၅**

ပရီးမီးယားလိဂ်မှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် မတ်လအတွက် အကောင်းဆုံး နည်းပြဆုကို နော်တင်ဟမ်ဖောရက်စ်အသင်းနည်းပြ နူနိုဆန်းတို့စ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါ နည်းပြသည် ပြီးခဲ့သည့် မတ်လအတွင်းက နော်တင်ဟမ်ဖောရက်စ်အသင်းအား ပြိုင်ပွဲစုံ ရှုံးပွဲမရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ နူနိုဆန်းတို့စ်သည် နော်တင်ဟမ်ဖောရက်စ်အသင်းအား ၂၀၂၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၁ပွဲ ကိုင်တွယ်ရာ ၂၅ ပွဲနိုင်၊ ၁၇ ပွဲ သရေ၊ ၁၉ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက် ၅၁ နှစ်အရွယ်ရှိ နူနိုဆန်းတို့စ်က "ကျွန်တော် အခုလို တစ်လတာ အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ဝဲပုံ) (NGB)**

## ဖေဘီယံရှား နယူးကာဆယ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဧပြီ ၅**

နယူးကာဆယ်အသင်းသည် အသင်းဝါရင့် နောက်ခံကစားသမား ဖေဘီယံရှားအား တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၃ ပွဲကစားပြီး အကောင်းဆုံးခြေစွမ်းပြထားသည်။

အသက် ၃၃နှစ်အရွယ်ရှိ ဖေဘီယံရှားက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာကိုလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(ယာပုံ)**

**(NGB)**



## လော်ရန်ဇိုလူကာအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်

**လန်ဒန် ဧပြီ ၅**

မန်ချက်စတာယူနိုက်တက်အသင်းသည် အူဒီးနီးစ်အသင်းတိုက်စစ်မှူး လော်ရန်ဇိုလူကာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက် ၂၄နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အူဒီးနီးစ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၁ ပွဲကစားပြီး ၁၂ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

အူဒီးနီးစ်အသင်းကလည်း လောရန်ဇိုလူကာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့် နွေရာသီဈေးကွက်အတွင်းတွင် အူဒီးနီးစ်အသင်းထံမှ လော်ရန်ဇို လူကာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(ယာပုံ)**

**(NGB)**



## 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Zheng Qinwen တက်ရောက်

**ဝါရှင်တန် ဧပြီ ၅**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တရုတ်တင်းနစ်မယ် Zheng Qinwen တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ တရုတ်တင်းနစ်မယ် Zheng Qinwen သည် 2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဘယ်လ်ဂျီယံတင်းနစ်မယ် Elise Mertens အား ၆-၃၊ ၃-၆၊ ၆-၃ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် Zheng Qinwen နှင့် ရုရှားတင်းနစ်မယ် Ekaterina Alexandrova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**



## ဘောလုံးသတင်း အတိုအထွာများ

* နည်းပြ ဒီဇာဘီ လက်ရှိအချိန် မာဆေးလ်အသင်းတာဝန်ရှိသူများအပြင် ကစားသမားများနှင့်လည်း အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာဖွယ်ရှိနေကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* ပရီးမီးယားလိဂ် ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းသည် စပါးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ မာရက်စကာက ယခုပွဲစဉ်တွင် အသင်းသားများ၏ ခြေစွမ်းအား ချီးကျူးကြောင်း ပြောကြားခဲ့သည်။ **(NGB)**

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၈)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ညဂး၀၀နာရီ | စိန့်ပေါလီ - မိုချန်ဂလာဘတ် |
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ည၁၀း၀၀နာရီ | ယူနီယံဘာလင် - ဝုဖ်ဘတ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃၀)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ၆း၃၀နာရီ | လက်ပါးမက် - ဆိုစီဒက် |
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ညဂး၄၅နာရီ | ဆီဗီလာ - ရီးရဲလ်မက်ဒရစ် |
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ည၁၁း၀၀နာရီ | ဗယ်လာဒိုးလစ် - ဂီတာဖေး |
| ၇-၄-၂၀၂၅ တနင်္လာနေ့ | နံနက်၁း၃၀နာရီ | ဗီလာရီးရဲလ် - ဘီလ်ဘာအို |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၈)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | လန်းစ် - စိန့်အက်တီယန်း |
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ညဂး၄၅နာရီ | မောင့်ပယ်လီယာ - လီဟာဗာ |
| ။ | ။ | Reims - စထားရာဘော့ |
| ။ | ။ | ရင်းနက်စ် - အော်ဇေး |
| ၇-၄-၂၀၂၅ တနင်္လာနေ့ | နံနက်၁း၄၅နာရီ | မာဆေးလ် - တူးလော့စ် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | ဘရန့်ဖို့ဒ် - ချဲလ်ဆီး |
| ။ | ။ | ဖူလ်ဟမ် - လီဗာပူး |
| ။ | ။ | စပါး - ဆောက်သမ်တန် |
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ည၁၀း၀၀နာရီ | မန်ယူ - မန်စီးတီး |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၃၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ၅း၀၀နာရီ | လက်ချီ - ဗင်နီဇီယာ |
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | အမ်ပိုလီ - ကက်ဂလီယာရီ |
| ။ | ။ | တိုရီနို - ဗီရိုနာ |
| ၆-၄-၂၀၂၅ တနင်္ဂနွေနေ့ | ည၁၀း၃၀နာရီ | အတ္တလန်တာ - လာဇီယို |
| ၇-၄-၂၀၂၅ တနင်္လာနေ့ | နံနက်၁း၄၅နာရီ | ရိုးမား - ဂျူဗင်တပ် |

## အခြေခံအင်္ဂလိပ်စာ ၊ ပန်းချီရေးဆွဲနည်းနှင့် ကဗျာရေးနည်းသင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် နွေရာသီအားလပ်ရက်များ၌ ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး အင်္ဂလိပ်စာ၊ ပန်းချီရေးဆွဲနည်းနှင့် ကဗျာရေးနည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည်။



သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းမှ အတွင်းရေးမှူး စာရေးဆရာ ကြည်သိန်းဇော်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး ပန်းချီသင်တန်း နည်းပြဆရာမ ဒေါ်ဖြူဖြူသော်နှင့် အင်္ဂလိပ်စာနည်းပြဆရာမ ဒေါ်လတ်လတ်ကို တို့က သင်ကြားပေးမှုအခြေအနေများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပန်းချီနှင့် ကဗျာရေးနည်း သင်တန်းများတွင် ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ မြို့နယ်စာရေးဆရာအသင်းမှ အတွင်းရေးမှူး စာရေးဆရာနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ နွေရာသီအားလပ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ အခြေခံအင်္ဂလိပ်စာ၊ ပန်းချီရေးဆွဲနည်းနှင့် ကဗျာရေးနည်းသင်တန်းများကို မတ် ၁၇ ရက်မှ ဧပြီ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၄၆၉)**



## ပြောင်းဖူးလှိုင်လှိုင်ပေါ် အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မကွေး ဧပြီ ၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ပြောင်းဖူးလှိုင်လှိုင်ပေါ်နေရာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး တောင်သူများ ဝင်ငွေရနေကြောင်း ဒေသခံများထံမှ သိရသည်။

ဆောင်းသီးနှံအဖြစ် ပြောင်းဖူးပင်ကို ဘူးကျွန်းကျေးရွာအုပ်စု၊ ပင်းဝကျေးရွာအုပ်စု၊ ဖောင်းကတောကျေးရွာအုပ်စု၊ မာန်မြေကျေးရွာအုပ်စုများ၌ စိုက်ပျိုးကြပြီး ပြောင်းဖူးများ လှိုင်လှိုင်ရရှိနေကြသည့်အပြင် ရေနံချောင်းမြို့မဈေးနှင့် ကုန်သည်လမ်းနှင့် ဈေးပတ်ဝန်းကျင်ရှိ လမ်းများရောင်းချလျက်ရှိသည်။

ဈေးကွက်၌ ယနေ့တွင် ပြောင်းဖူး တစ်ရာလျှင် ငွေကျပ် ၃၀၀၀၀၊ ၄၅၀၀၀၊ ၆၀၀၀၀ အထိ ရောင်းရကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် မိုးနှင့် ဆောင်းရာသီကို အဓိကထားပြီး ပြောင်းဖူးပင်ကို သီးခြားစိုက်ပျိုးခြင်း၊ သီးညှပ်စိုက်ပျိုးကြရာ ပြောင်းဖူးပင်များကနေ ပြောင်းဖူးကနေ ဝင်ငွေရနေကြသည့်အပြင် ပြောင်းဖူးပင်ကို နွားစာအဖြစ် ကျွေးမွေးနိုင်သဖြင့် နွားစာအတွက် ဖူလုံစွာရရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၇၂)**

၀-၀-၀-၀-၀-၀

## ကျွန်းလှမြို့နယ်၌ တစ်ပိုင်တစ်နိုင် တိုင်ထောင်ပဲတောင့်ရှည် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိ

**ကျွန်းလှ ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ကြရာ တိုင်ထောင်ပဲတောင့်ရှည် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိနေကြသည်။



"ကျွန်တော် ဒီနှစ် ချောင်းရေတင်ပြီး တိုင်ထောင်ပဲတောင့်ရှည် အပင် ၅၀၀ စိုက်ပျိုးခဲ့ပါတယ်။ မျိုးဖိုး၊ မြေဩဇာဖိုး၊ ဆေးဖိုး၊ လုပ်အားခနှင့် တိုင်ထောင်စရိတ် ငွေကျပ် တစ်သိန်း ကုန်ကျပါတယ်။ အရင်နှစ်က ပဲတောင့် ၁၅ တောင့်ပါ တစ်စည်းကို ငွေကျပ် ၅၀၀ ရောင်းခဲ့ရသော်လည်း အခုအခါ ငွေကျပ် ၁၀၀၀ ရောင်းရပါတယ်။ မိသားစုအတွက် တစ်ရက် ငွေကျပ် ၃၀၀၀၀ ကျော် ရရှိပါတယ်"ဟု ရှမ်းစုကျေးရွာ ပဲတောင့်ရှည်စိုက်ပျိုးသူတစ်ဦးက ပြောသည်။

အဆိုပါ ပဲတောင့်ရှည်စိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝအားဆေး၊ သဘာဝပိုးသတ်ဆေး၊ ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေးနှင့် စိုက်ပျိုးရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ချောင်းရေ၊ မြေအောက်ရေတင်ပြီး သီးနှံမျိုးစုံနှင့် ပန်းမျိုးစုံ စိုက်ပျိုးကြပြီး မိသားစုဝင်ငွေရရှိ၍ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)(၄၈၀)**

## နွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၉၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားစိုက်ဧကပြည့်မီရေး တောင်သူများ ဆက်လက်ကြိုးပမ်းစိုက်ပျိုးလျက်ရှိ

**ပွင့်ဖြူ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ဆန်စပါး စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် မဲဇလီရေလွှဲဆည်ရေဖြင့် မတ်လဆန်းကစပြီး နွေစပါးများကို ကြိုးပမ်း စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ၉၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကာ လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းရှိ တောင်သူဦးကြီးများ နွေစပါးနှင့် အခြားနွေသီးနှံ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ယခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး မဲဇလီရေလွှဲဆည်မှ စိုက်ပျိုးရေများကို နွေစပါးစိုက်ပျိုးမည့် တောင်မုန်းမြောင်းမကြီး ဆည်ရေသောက် ဧရိယာအတွင်းရှိ လယ်ယာမြေ စိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေပေးထားသဖြင့် ဒေသခံတောင်သူများက ဆည်ရေ ရရှိသည့်အချိန်မှစတင်၍ မိမိတို့၏ လယ်ယာမြေများကို နွေစပါးနှင့် အခြားနွေသီးနှံလျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားနိုင်ရန် ကြိုတင်၍ ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်ခြင်း များ ဆောင်ရွက်ခဲ့ပြီး မတ်လဆန်းတွင် နွေစပါးသီးနှံကို စတင်စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆန်းစပါးသီးနှံ စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေဖို့၊ သီးနှံအထွက်နှုန်းများ တိုးတက်စေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး နွေစပါးသီးနှံ စိုက်ဧကသုံးသောင်းကျော် လျာထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနေ့အထိ ဧကကိုးထောင်ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားစိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ နောက်ပြီး စပါးစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေကို ပန်းတိုင်အထွက်နှုန်းများ ရရှိအောင် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ စိုက်ပင်အရေအတွက် ပြည့်မီရေး၊ မြေဩဇာနှင့် သဘာဝပိုးသတ်ဆေးများ ကိုယ်တိုင်ပြုလုပ်သုံးစွဲနည်းများ စတဲ့ တောင်သူ အသိပညာပေးလုပ်ငန်းတွေကို အခြားဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။ **(အောက်ပုံ)**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီတွင် မဲဇလီ ရေလွှဲဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကာ ယနေ့အထိ ၉၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့်စပါးမျိုးများမှာ ရတနာတိုး၊ မနောသုခ၊ ဆင်းသုခ၊ ချမ်းမြေ့မေ၊ ဆာဖိုးသာ၊ ပခန်းရွှေဝါ၊ ထိုင်းနံ့ကောက်၊ GW-11 စပါးမျိုးနှင့် ရက် ၁၀၀ စပါးမျိုးတို့ကို အားထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(၄၄၅)**



## မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ရုံးအဆောက်အအုံများအား ကြည့်ရှုစစ်ဆေး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ

**မိတ္ထီလာ ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်း မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ရုံးအဆောက်အအုံများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ကကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့် တာဝန်ရှိသူများသည် မတ်၂၈ရက်ကလှုပ်ခတ်ခဲ့သော အင်အားပြင်းမြေငလျင်ဒဏ်ကြောင့် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံမျက်နှာကြက်အချို့ ပြုတ်ကျပျက်စီးမှုနှင့် ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံ ထိခိုက်ပျက်စီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာခရိုင်နှင့် မြို့နယ်ရုံးများကဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

(အောက်ပုံ)

(၄၆၉)

ဝ-ဝ-ဝ-ဝ-ဝ





## မန္တလေးနှင့်နေပြည်တော်မှ ငလျင်ဒဏ်သင့်ပြည်သူများအား ရွှေသံလွင်လုပ်ငန်းစုမှ ထမင်းထုပ်များနေ့စဉ်ဝေငှပေးလှူလျက်ရှိ

**မန္တလေး ဧပြီ ၅**

မတ်၂၈ရက်က မန္တလေးမြို့ အရှေ့မြောက်ဘက် ၂၁ကီလိုမီတာတွင်ဗဟိုပြု၍ အင်အားအလွန်ပြင်းသော ငလျင်လှုပ်ရှားခဲ့မှုကြောင့် ငလျင်ဒဏ်သင့်ခဲ့သည့် ပြည်သူများအား ရွှေသံလွင်လုပ်ငန်းစုမှ ထမင်းထုပ်များကို ၁၀ ရက်တိုင်တိုင် နေ့စဉ်ဝေငှပေးလျက်ရှိသည်။

"ရွှေသံလွင်ကုမ္ပဏီအနေနဲ့ သဘာဝဘေးဖြစ်တိုင်း လူသားချင်းစာနာထောက်ထားပြီး ထမင်းထုပ်နဲ့ စားသောက်ကုန်တွေ ဝေငှလေ့ရှိပါတယ်။ အခုဖြစ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြောင့် ငလျင်ဒဏ်သင့်ပြည်သူတွေကိုလည်း နေ့စဉ်ထမင်းထုပ်တွေ ဝေငှပေးမှာဖြစ်ပါတယ်။ အခုလိုထမင်းထုပ်တွေဝေငှရာမှာ မန္တလေးမြို့တော်စည်ပင်သာယာကနေကူညီပေးပါတယ်"ဟု ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါထမင်းထုပ်များဝေငှပေးရာတွင် နေပြည်တော်၌ မတ် ၃၁ရက်မှစတင်၍ တစ်ရက်လျှင် နေ့လယ်စာအတွက် ထမင်းထုပ် ၁၀၀၀၀နှင့် ညစာအတွက် ထမင်းထုပ်၁၀၀၀၀၊ တစ်ရက်လျှင် ထမင်းထုပ် ၂၀၀၀၀နှင့် မန္တလေးမြို့တွင် ဧပြီ ၄ရက်မှစတင်၍ တစ်ရက်လျှင် ထမင်းထုပ် ၅၀၀၀ နှင့် ညအတွက် ထမင်းထုပ်၅၀၀၀၊ တစ်ရက်လျှင်ထမင်းထုပ်၁၀၀၀၀ ကို ၁၀ရက်ကြာ ထောက်ပံ့ပေးလှူလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ရေအခက်အခဲဖြစ်နေသည့်နေရာများအား ရေဖြန့်ဝေပေးလျက်ရှိ

**မန္တလေး ဧပြီ ၅**

ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်နှင့် ရေတံခွန်တောင်စီးတီးတို့မှ ရေအခက်အခဲရှိသည့်နေရာများတွင် ရေဂါလန်၄၀၀၀ဆံ့ ရေသယ်ယာဉ်ဖြင့် ရေများဖြန့်ဖြူးပေးလျက်ရှိပြီး ရေလိုအပ်သည့် ပြည်သူများအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအတွင်းရှိ ကွပ်ကဲရေးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ဧပြီ ၁ရက်မှစတင်ကာ အခမဲ့ရေဖြန့်ဝေခြင်းကို စတင်လုပ်ဆောင်ပေးနေပြီး လိုအပ်သည့်သူများအနေဖြင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၈)



| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| မွန်ဇာ | ၁ | - | ၃ | ကိုမို |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| လိုက်ပဇစ် | ၃ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဟိုင်ဒင်ဟိမ်း | ဝ | - | ၁ | လေဗာကူဆင် |
| ဖရိုင်းဘတ် | ၁ | - | ၄ | ဒေါ့မွန် |
| မိန့်ဇ် | ၁ | - | ၁ | ဟိုစတိန်း |
| ဘိုချမ် | ဝ | - | ၄ | စတုဂတ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ဝ | - | ၁ | အလာဗက်စ် |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၂ | ဗလင်စီယာ |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အဲဗာတန် | ၁ | - | ၁ | အာဆင်နယ် |
| ခရစ္စတယ်ပဲလေ့စ် | ၂ | - | ၁ | ဘရိုက်တန် |
| အစ်ဆွစ်ချ် | ၁ | - | ၂ | ဝုဖ် |
| ဝက်စ်ဟမ်း | ၂ | - | ၂ | ဘုန်းမောက် |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပီအက်စ်ဂျီ | ၁ | - | ဝ | အန်းဂါးစ် |

## ငလျင်ဒဏ်သင့်မိသားစုများအား မလေးရှားနိုင်ငံမှ အစားအသောက်များနှင့် Humanitarian Kit များ ထောက်ပံ့




**ကျောက်ဆည် ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ငလျင်ဒဏ်သင့်မိသားစုများအား ယနေ့နံနက်ပိုင်းက မလေးရှားနိုင်ငံမှ MERCY အဖွဲ့မှ အစားအသောက်များနှင့် Humanitarian Kid များထောက်ပံ့ပေးခဲ့သည်။

ထိုသို့အစားအသောက်များနှင့် Humanitarian Kid များထောက်ပံ့ပေးအပ်ရာတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် အေးမြကြည်လင်ရပ်ကွက်အုပ်စုမှ မိသားစု(၁၇၈)စု၊ ဘောဂဝတီရပ်ကွက်အုပ်စုမှ မိသားစု(၆၈)စု၊ မင်းရပ်ရပ်ကွက်အုပ်စုမှ မိသားစု(၂၅၉)စု၊ ကုလားကျောင်းကျေးရွာအုပ်စုမှ မိသားစု(၃၃၇)စု စုစုပေါင်း(၈၃၄)စုအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ခဲပုံ)

သက်မောင်(ကျောက်ဆည်)

သွေးသည်အသက်
အသက်သည်သွေး

# အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်

**ချောက် ဧပြီ ၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့တွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက် ၁၂ နာရီ ၅၁မိနစ်၀၂စက္ကန့်အချိန်တွင် ပြင်းအား ၇ ဒသမ ၇ရစ်(ခ်ျ)တာစကေးရှိ အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဧပြီ ၅ ရက် မွန်းလွဲ ၁နာရီက မဟာအေးစေတီဘုရားရင်ပြင်သင်္ဃသုခဓမ္မဇိမာန်တော်တွင် ချောက်မြို့နယ်ရှိ သံဃာတော်များက အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ပွားသရဇ္ဈာယ်ခြင်း၊ မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ (ယာပုံ)

ရေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဆရာတော်ဘဒ္ဒန္တတိက္ခသာရထံမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်မောင် သန်း၊ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဗိုလ်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များက ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေရန်အတွက် ရတနသုတ်၊ မေတ္တသုတ်၊ ဝဋ္ဋသုတ်၊ ပုဗ္ဗဏှသုတ်ပရိတ်တော်များ ရွတ်ပွား သရဇ္ဈာယ်ပြီး မေတ္တာပို့ခြင်းများဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ ပင့်သံဃာ ၁၁ ပါးအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချအမျှအတန်းပေးဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**





# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**အောင်လံ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်လံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်သူ့စစ်မှုထမ်းဆိုသည်မှာ ဤဥပဒေအရ စစ်မှုထမ်းဆောင်သည့် နိုင်ငံသားကိုဆိုလိုကြောင်း၊ စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူဆိုသည်မှာ အမျိုးသားဖြစ်လျှင် အသက် ၁၈ နှစ် ပြည့်ပြီး၍ အသက် ၃၅ နှစ် မပြည့်သေးသော နိုင်ငံသားတိုင်းကိုလည်းကောင်း၊ ကင်းလွတ်ခွင့်ရသူများတွင် သာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သား၊ သမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်။) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ၊ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို တက်ရောက်လာသူများအား အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အာကာ(ပြန်/ဆက်)**

# စေတနာရှင်ပြည်သူများက သွေးများကို စိတ်အားထက်သန်စွာ လာရောက်လှူဒါန်း

**ရေနံချောင်း ဧပြီ ၅**

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ် မတ်၂၈ ရက်က ရစ်ချ်တာ စကေး (၇ ဒသမ ၇)အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် မြေပြိုခြင်း၊ လူနေအိမ်နှင့် အထပ်မြင့်အဆောက်အအုံများ ပြိုကျခဲ့ရာတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား အရေးပေါ်သွေးများ လှူဒါန်းပေးနိုင်ရန်အတွက်ဧပြီ ၄ ရက် နံနက်ပိုင်းက ရေနံချောင်းမြို့နယ်ပြည်သူ့ဆေးရုံကြီးတွင်စေတနာရှင်ပြည်သူများက သွေးများကို စိတ်အားထက်သန်စွာ လာရောက်လှူဒါန်းခဲ့ကြသည်။

သွေးများ လှူဒါန်းရာတွင် ရေနံချောင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင် ပြည်သူအမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၁၈ ဦး စုစုပေါင်းသွေးအလှူရှင် ၄၄ဦးက သွေးအိတ်ပေါင်း ၄၄ အိတ်ကို မြို့နယ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် လှူဒါန်းခဲ့ကြသည်။ သွေးလှူရှင်များအား သွေးမလှူမီ သွေးပေါင်ချိန် တိုင်းတာခြင်း၊ သွေးဖောက်စစ်ဆေးခြင်း၊ သွေးလှူပြီးသူများကို ခေတ္တအနားယူစေခြင်းနှင့် ဆေးဝါးတိုက်ကျွေးခြင်းစသည့်လိုအပ်သည့် စစ်ဆေးမှုများကို မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်လင်းနှင့် ဓာတ်ခွဲမှူးများ၊ ဆရာ၊ ဆရာမများက ဆောင်ရွက်ပေးကြသည်။

သွေးလှူဒါန်းရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကာ သွေးလှူရှင်များအား Royal-D အချိုရည်ဘူးနှင့် ရေသန့်ဘူးများကို စေတနာရှင်များက ပေးအပ်လှူဒါန်းသည်။ အဆိုပါ သွေးအိတ်များကို တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် ငလျင်ဘေးသင့်ခဲ့သည့် မြို့နယ်များရှိ သက်ဆိုင်ရာဆေးရုံများသို့ အချိန်မီပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း ဧပြီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ဧပြီ ၄ ရက် နံနက်ပိုင်းက "MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ" အသိပညာပေး Talk Show ကျင်းပသည်။




ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင်(၃)ဒေါ်နန်းစီဖောင်းက မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးလုပ်ငန်း၏ ၉၉ ရာခိုင်နှုန်းကို ကိုယ်စားပြုကာ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုတွင်လည်း အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်း ဆွေးနွေးပြီး ဒုတိယဦးစီးမှူးဒေါ်နန်းပန်က MSME လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် နိုင်ငံတကာဈေးကွက်သို့ ပိုမိုချိတ်ဆက်နိုင်မည့် နည်းပညာ အသုံးချမှုများ တိုးမြှင့်ရမည်ဖြစ်ကာ အစိုးရနှင့် ပုဂ္ဂလိကအကြားနီးနီးကပ်ကပ်ပူးပေါင်းပြီး လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မှသာ ကုန်ထုတ်လုပ်မှုအဆင့်အတန်းမြင့်မားပြီး ကုန်စည်စီးဆင်းမှုတိုးတက်အားကောင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါသည့်အခန်းကဏ္ဍတစ်ခုဖြစ်သည့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်မားလာပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၁၄)ဌာနမှ ရုံးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဧပြီ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့တွင်း လိုအပ်သောရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို ရုံးပိတ်ရက်မှလွဲ၍ ကျန်ရှိသောနေ့ရက်များတွင် ပုံမှန်အတိုင်း လုပ်ဆောင်ပေးလျက်ရှိသည်။

ဌာန(၁၄)ခုဖြစ်သည့် စီမံရေးရာဌာန၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ဈေးနှင့် သားသတ်ဌာန၊ ဘဏ္ဍာရေးဌာန၊ အခွန်ဌာန၊ သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန၊ ရေနှင့်သန့်ရှင်းမှုဌာန၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာန၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ လမ်းတံတားဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနနှင့် စစ်ဆေးရေးဌာနတို့သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီးဝင်းအတွင်း၌ ပြည်သူများအား ဝန်ဆောင်မှုများပေးလျက်ရှိသည်။

ယခင်ဖွင့်လှစ်ထားရှိသောနေရာများမှာ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများ ထိခိုက်မိခဲ့ပြီး ပြန်လည်စစ်ဆေးဆဲကာလဖြစ်သဖြင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး တောင်ဘက်အဝင်ပေါက်၊ ယခင်ဆိုင်ကယ်စတန်းနေရာတွင် ရုံးချိန်အတိုင်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**မန္တလေးနေ့စဉ်-စ**

၀-၀-၀-

၀-၀-၀-၀-၀-

# ရန်ကုန်-မန္တလေး ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲ

**မန္တလေး ဧပြီ ၅**

ယနေ့ဧပြီ ၅ရက်မှစတင်၍ ရန်ကုန်-နေပြည်တော်-မန္တလေး အစုန်အဆန်ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း ရန်ကုန်ဘူတာကြီး ရုံပိုင်ချုပ် ဦးသောင်းထိုက်က ပြောသည်။

ပြီးခဲ့သည့် မတ် ၂၈ရက်က မန္တလေးနှင့် စစ်ကိုင်းမြို့တို့၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ရန်ကုန်-နေပြည်တော်-မန္တလေးရထားခရီးစဉ်များကို ယာယီရပ်နားထားရာမှ ယနေ့ ပြန်လည်ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင်အမှတ်(၁၁) အဆန်အမြန်ရထားနှင့် အမှတ်(၇)အဆန် DEMU ရထားတို့ ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာသွားပြီဖြစ်ကြောင်းသိရသည်။ **(အောက်ပုံ)**

"ဒီနေ့ ၁၁-အဆန်ရထားက နံနက်ငါးနာရီမှာ ရန်ကုန်က စထွက်တယ်။ နောက်ပြီး အမှတ်(၇)အဆန် အဲယားကွန်းရထား (DEMU)ထွက်တယ်။ မန္တလေးကလည်းထွက်တာပေါ့။ လောလောဆယ်အနေအထားကတော့ လမ်းအခြေအနေကို ကြည့်ရင်း စမ်းသပ်ပြေးဆွဲပေးတာပါ" ဟု ၎င်းက ရှင်းပြသည်။

ထို့အပြင်ကုန်တင်ရထားများကိုလည်း လမ်းပိုင်းအခြေအနေ အပေါ်မူတည်၍ အချို့တွဲဆိုင်းများကို ပြန်လည်ပြေးဆွဲပေးရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

**မန္တလေးနေ့စဉ်-၆**

၀-၀-၀-၀

၀-၀-၀-၀-၀



# ငလျင်ဒဏ်သင့် ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ၈၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြားတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည်ဈေးအနီးတွင်လည်းကောင်း ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချပေးမည့်အစီအစဉ်ကို ဧပြီ၆ရက်တွင် အောင်မြေသာစံမြို့နယ် ဖေါင်တော်ဦးဘုရား၊ မိဘဈေးအနီး၊ ၈လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားတွင်လည်းကောင်း၊ အမရပူရမြို့နယ်၊ စွယ်တော်ဈေးအနီးတွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ (ဝဲပုံ)




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



# ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအား လာရောက်ကျွေးမွေးလှူဒါန်း

**မန္တလေး ဧပြီ ၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၇၈လမ်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ၊ ကျောက်စာဝင်းတွင် ယနေ့နံနက်ပိုင်းက ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုများနှင့် လုပ်အားပေးများအား ထမင်း၊ ဟင်းများ၊ ဆေးဝါးများနှင့် အလှူငွေများကို လာရောက်လှူဒါန်းကျွေးမွေးခဲ့ကြသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုမြင့်ထွန်းနှင့်ဇနီး၊ မန္တလေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်နှင့် ဇနီးမိသားစုတို့က ငလျင်ဒဏ်သင့်ဝန်ထမ်းမိသားစုဝင်များနှင့် လုပ်အားပေးများအား ထမင်းနှင့်ဟင်းများကို ကျွေးမွေးလှူဒါန်းကြပြီး Myo Overseas Academy General Services Co.,Ltd. မိသားစုကဝန်ထမ်းများနှင့် လုပ်အားပေးများအား အလှူငွေနှင့် ဆေးဝါးများလာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်မြင့်ဦး**

၀-၀-၀-၀-၀

**အသိပေး ကြေညာခြင်း**

မန္တလေးနေ့စဉ်သတင်းစာသို့ ကြော်ငြာများ ထည့်သွင်းလိုသော မိတ်ပြည်သူများအနေဖြင့် ယခင်ကြော်ငြာလက်ခံသည့် နေရာအစား ၇၁လမ်းနှင့် ၃၅လမ်း၊ ယာယီ မင်္ဂလာဈေးအရှေ့ဘက် သတင်းစာထုတ်ဝေဖြန့်ချိသည့်နေရာသို့ ပြောင်းလဲကာ ကြော်ငြာများ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေးအပ်ပါသည်။ ဆက်သွယ်လိုပါက ဖုန်း ၀၉-၇၉၇၅၇၅၂၇၄ သို့ ဆက်သွယ်နိုင်ပါသည်။

